Finish

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၅ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၅ခုနှစ် ၊ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

( ၂၀၁၅ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂ ။ )

၁၃၇၆ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၅ခုနှစ်၊ ဧပြီလ ၁၇ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၅ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၅–၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

### တိုင်းဒေသကြီးအစိုးရအဖွဲ့၊
### တိုင်းဒေသကြီးလွှတ်တော်၊
### တိုင်းဒေသကြီးတရားလွှတ်တော်၊
### တိုင်းဒေသကြီးဥပဒေချုပ်၊
### တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊
### တိုင်းဒေသကြီးဝန်ကြီးဌာနများ၊
### တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊
### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့်စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လုပ်ငန်းများကိုဆောင်ရွက်ကြရမည်။ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာ ရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့်စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့်(၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် စည်ပင်သာယာရေးအဖွဲ့များသည်ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၅–၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်း များကိုအမှန်စာရင်းများတွင်လည်းကောင်းထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့် အညီရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝရရှိစေ ရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်း နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၅ – ၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း ၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်း များကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်းလိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကိုစီးပွားရေးဆန်ဆန် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား(၅)နှင့်(၆)တို့တွင် ဖော်ပြထားသည့်ငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်ဇယား(၅)နှင့်(၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကိုစီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကိုစီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏လုပ်ငန်းအရလိုအပ်လျှင် ဇယား(၅) နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်း နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၅ – ၂၀၁၆ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ နောက်ပိုင်းမှ ဖြစ်ပေါ်လာသောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်း ဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဝန်ကြီးချုပ်
ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေပုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၂၀၉၂.၃၀၀ | | | ၂၃၄၅၀.၀၀၀ | | | |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ<br>သို့မဟုတ်<br>တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၀၀၂ | | | | | | |
| | ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၅၀.၀၀၀ | | | | | | |
| | ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၂.၆၃၄ | | | | | | |
| | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၃၆၀ | | | | | | |
| | | ပေါင်း | | | | ၂၂၃၄၅.၂၉၆ | | | ၂၃၄၅၀.၀၀၀ | | | |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ဝ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၇၁၆.၆၀၅ | | ၄၉၅၀.၀၀၀ | ၁၁၃၆၁၃.၅၀၀ | | | |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉၂၆.၀၃၅ | | | ၈.၇၀၀ | | | |
| | ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၁၅.၆၀၀ | | | | | | |
| | ၄ | တိုင်းဒေသကြီးဥပဒေချုပ် | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁၁၀၀.၈၃၆ | | | ၁၃၃.၉၃၀ | | | |
| | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၃၃၆.၄၂၅ | | | ၁၂၀.၀၀၀ | | | |
| | | ပေါင်း | | ၆၁၉၅.၅၀၁ | | ၄၉၅၀.၀၀၀ | ၁၁၃၈၇၆.၁၃၀ | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၀၈၃.၅၂၁ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၇၀၈၃.၅၂၁ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၄င်း | ၇၅၃.၄၃၄ | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၈၇.၀၃၆ | | | | | | | | |
| | ၂ | တာတမံခွန် | | ၁.၄၄၉ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၁၂.၆၃၀ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၃၂.၄၆၉ | | | | | | | | |
| | ၅ | အင်းတိုင်ခွန် | | ၅၁၉.၈၅၀ | | | | | | | | |
| ၃ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၄င်း | ၂၃၃၅၂.၇၁၃ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁၀၆၂၀.၁၀၂ | | | | | | | | |
| | ၂ | ဘီးခွန် | | ၁၂၇၃၂.၆၁၁ | | | | | | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။ အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | | ပြည်ထဲရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၈.၃၁၈ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | | | | ၁၆.၈၄၂ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | | | | ၀.၀၇၆ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၁.၄၀၀ | | | | | | |
| ၅ | | ပြန်ကြားရေး | ၎င်း | | | ၂၀၅.၀၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | | | | ၂၀၅.၀၀၀ | | | | | | |
| ၆ | | သမဝါယမ | ၎င်း | | | ၁၅.၄၂၂ | | | | | | |
| | ၁ | သမဝါယမ ဦးစီးဌာန | | | | ၉.၉၂၂ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | | | | ၅.၅၀၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်း | ၎င်း | | | ၉၀.၀၀၀ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၈၆.၀၀၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၄.၀၀၀ | | | | | | |
| ၈ | | မွေးမြူရေးရေလုပ်ငန်း နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | | | ၁၅၄.၁၅၉ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁၃၀.၃၅၄ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန | | | | ၂၃.၈၀၅ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | | | ၈၂.၉၀၀ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၈၂.၉၀၀ | | | | | | |
| ၁၀ | | အားကစား | ၎င်း | | | ၂၂.၈၄၇ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၂၂.၈၄၇ | | | | | | |

# တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ယေား(၃)။ ။ အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၁ | | ဘဏ္ဍာရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀.၀၀၂ | | | ၁၂၀၆၇၄.၀၁၃ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန | | | | ၀.၀၀၂ | | | ၁၂၀၆၇၄.၀၁၃ | | | |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၀.၁၅၀ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၁၅၀ | | | | | | |
| ၁၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၈၂၉.၂၂၇ | | | | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၈၂၀.၆၇၂ | | | | | | |
| | ၂ | လမ်းဦးစီးဌာန | | | | ၈.၅၅၅ | | | | | | |
| ၁၄ | | အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၎င်း | | | ၀.၀၀၂ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး | | | | ၀.၀၀၂ | | | | | | |
| ၁၅ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၎င်း | | | ၈၀၃၃၂.၆၃၁ | | ၂၃၁၀၆၁.၆၁၄ | | | ၅၃၀၃.၄၆၀ | |
| ၁၆ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၄၄၆၀.၉၉၆ | | | | | | |
| | | ပေါင်း | | ၃၁၁၀၉.၆၆၀ | | ၈၆၂၉၉.၀၅၄ | | ၂၃၁၀၆၁.၆၁၄ | ၁၂၀၆၇၄.၀၁၃ | | ၅၃၀၃.၄၆၀ | |

# တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် | ၁၀၁၅၈ . ၅၄၁ | | ၁၃ . ၇၅၀ | ၂၃၆၇ . ၁၆၆ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | သို့မဟုတ် | ၇၆၇၂ . ၉၂၃ | | ၁၃ . ၇၅၀ | ၉၂၇ . ၁၄၁ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၁၃ . ၄၃၁ | | | ၃၇ . ၀၀၀ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၂၁၇၂ . ၁၀၇ | | | ၁၄၀၃ . ၀၂၅ | | | |
| ၂ | | ပြန်ကြားရေး | ၄င်း | ၆၄ . ၄၃၆ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန | | ၆၄ . ၄၃၆ | | | | | | |
| ၃ | | သမဝါယမ | ၄င်း | ၁၀၁၂ . ၀၄၀ | | | ၁၀ . ၁၅၆ | | | |
| | ၁ | သမဝါယမ ဦးစီးဌာန | | ၁၇၆၁ . ၈၁၆ | | | ၄ . ၀၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | | ၅၀ . ၂၂၄ | | | ၆ . ၁၅၆ | | | |
| ၄ | | လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်း | ၄င်း | ၂၄၆၇ . ၀၁၈ | | | ၂၀၀ . ၄၀၀ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၁၂၄၇ . ၉၈၃ | | | ၂၀၀ . ၄၀၀ | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၂၁၉ . ၀၃၅ | | | | | | |
| ၅ | | မွေးမြူရေး၊ရေလုပ်ငန်း နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၄င်း | ၇၀၄ . ၀၂၂ | | | ၅၆ . ၉၃၆ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၃၃၇ . ၇၅၆ | | | ၅၆ . ၉၃၆ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန | | ၄၄၆ . ၂၆၆ | | | | | | |
| ၆ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၄င်း | ၁၁၅၅ . ၉၇၃ | | | ၁၀၀ . ၀၅၀ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၀၈၃ . ၄၅၈ | | | ၃ . ၁၅၀ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၇၂ . ၅၁၅ | | | ၁၀၄ . ၉၀၀ | | | |
| ၇ | | အားကစား | ၄င်း | ၄၆၀ . ၈၉၇ | | | ၆၄၀ . ၀၀၀ | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၄၆၀ . ၈၉၇ | | | ၆၄၀ . ၀၀၀ | | | |

# တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၈ | | ဘဏ္ဍာရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၉ . ၆၉၀ | | | ၂၄ . ၃၅၀ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန | | ၆၉ . ၆၉၀ | | | ၂၄ . ၃၅၀ | | | |
| ၉ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | ၈၃၆ . ၇၇၄ | | | ၅၈ . ၇၇၂ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၈၃၆ . ၇၇၄ | | | ၅၈ . ၇၇၂ | | | |
| ၁၀ | | ဆောက်လုပ်ရေး | ၄င်း | ၅၂၇၄ . ၈၃၇ | | | ၁၉၂၃၉ . ၉၀၅ | | | |
| | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၄၈၄ . ၀၂၉ | | | ၁၄၆၅ . ၁၀၈ | | | |
| | ၂ | လမ်းဦးစီးဌာန | | ၃၇၉၀ . ၈၀၀ | | | ၁၇၇၇၄ . ၇၉၇ | | | |
| ၁၁ | | အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၄င်း | ၅၃ . ၄၉၀ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး | | ၅၃ . ၄၉၀ | | | | | | |
| ၁၂ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၄င်း | ၈၇၀၄၆ . ၈၁၁ | ၁၃ . ၁၅၈ | | ၂၅၃၉၇ . ၈၆၂ | | ၁၇၆ . ၈၉၀ | ၇၀၀ . ၀၀၀ |
| ၁၃ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | ၂၄၅၃ . ၃၃၇ | | | ၅၆၅၄ . ၆၀၀ | | | |
| | | ပေါင်း | | ၁၁၂၆၃၇ . ၈၆၆ | ၁၃ . ၁၅၈ | ၁၃ . ၇၅၀ | ၂၀၅၇၅၈ . ၁၉၇ | | ၁၇၆ . ၈၉၀ | ၇၀၀ . ၀၀၀ |

# တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | သတ္တုတွင်း | တိုင်းဒေသကြီးဝန်ကြီးချုပ် | | | ၁၄၂.၃၁၇ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၄၂.၃၁၇ | | | | | | |
| | | ပေါင်း | | | | ၁၄၂.၃၁၇ | | | | | | |

# တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများ

ဇယား(ဇ)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | သတ္တုတွင်း | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၄၃.၉၁၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၁၄၃.၉၁၀ | | | | | | |
| | | ပေါင်း | | ၁၄၃.၉၁၀ | | | | | | |